# လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များဆိုင်ရာ စစ်တမ်းကောက်ယူခြင်း

# နှင့်

# လိုအပ်ချက်များကို အကဲဖြတ်ခြင်း

## ဆရာလက်စွဲ



**အကြံပြုချက်**

ဤ သင်ခန်းစာဦးတည်ချက်များကို သင်ခန်းစာ ပြီးဆုံးသောအခါ တချက်ချင်းစီ ပြန်လည်ကြည့်ရှုပြီး  ကျောင်းသူကျောင်းသားများကိုယ်တိုင် မိမိတို့မည်မျှသဘောပေါက်ခဲ့ကြောင်းကို မှတ်ချက်ပြုလုပ်ရပါမည်။

ဥပမာ အနေဖြင့် မှတ်ချက်များကို အောက်ပါအတိုင်း အဆင့်ဆင့်သတ်မှတ်နိုင်ပါသည်။

သဘောပေါက်မှု

၁။ ကောင်းမွန်စွာ သဘောပေါက် သည်။
၂။ အသင့်အတင့် သဘောပေါက်သည်။
၃။ အချို့ကို ဇဝေဇဝါ ဖြစ်နေဆဲဖြစ်သည်။
၄။ သဘောမပေါက်သော အချက်များစွာရှိသည်။

တတ်ကျွမ်းမှု

(၁) လုပ်ဆောင်ရမည့်အချက်များကို အားရကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။
(၂) အသင့်အတင့်လုပ်ဆောင်နိုင်ခဲ့သည်။ ကျွမ်းကျင်ရန်လိုနေသေးသည်။
(၃) အချို့ကို စမ်းတဝါးဝါးဖြစ်နေဆဲဖြစ်သည်။
(၄) ရေးသား၊ လုပ်ဆောင်ရန် ခက်ခဲသော အချက်များစွာရှိနေပါသည်။

## အကြံပြုချက်

**သင်ခန်းစာအား ကြိုတင် နိဒါန်းပျိုး Activity ဖြင့် စတင်ခြင်း**

ဤသင်ခန်းစာ မစတင်မီ တစ်ရက်ခန့်ကြိုတင်ပြီး ကျောင်းသူကျောင်းသားများအား ငါးဦးတစ်ဖွဲ့ ခန့်ဖွဲ့ပေးပြီး ယင်းသင်ခန်းစာ ဆောင်ရွက်ချက် Activity ကိုတာဝန်ပေးပါ။ ဝပ်ရှော့စာရွက်ကြီးနှင့် မှင့်ကာ များကိုလည်း ခွဲဝေပေးထားပါ။

**ပြန်လည်တင်ပြခြင်း**

ပြန်လည်တင်ပြရာတွင် တစ်ဖွဲ့ကို အချိန်(၅)မိနစ်ခန့်ပေးပါ။ တင်ပြပြီးတိုင်းတစ်တန်းလုံး လက်ခုပ်တီးပြီးအားပေးစေပါ။ တင်ပြချက်စာရွက်ကို အတန်းနံရံတွင် အများမြင်နိုင်အောင် ပြန်လည်ကောင်းမွန်စွာ ကပ်ထားပါ။ စာသင်နှစ် ပြီးဆုံးသည်အထိ သို့မဟုတ် အတန်းသူအတန်းသားအားလုံးနှင့် ဆွေးနွေးပြီး မည်မျှကြာကြာ ကပ်ထားမည်ကို ကြိုတင်ပြီး ဆုံးဖြတ်ချက်တစ်ခုကို စုပေါင်းချမှတ်ပါ။

တင်ပြချက်များပြီးသွားလျှင် တင်ပြချက်များ အားလုံးကောင်းမွန်ကြောင်းချီးမွမ်းအားပေးပါ။ထို့နောက် အောက်ပါမေးခွန်းတို့ ကို အတန်းအားမေးပါ။

**သင်သိပါသလား။**

၁။ ယခု တို့တင်ပြခဲ့တဲ့ တို့နေထိုင်တဲ့ မြို့/ ရွာ မှာ လူဦးရေ (ကျား၊ မ) ဘယ်လောက်ရှိသလဲ။
၂။ ယခု တို့နေထိုင်တဲ့ မြို့/ ရွာ မှာ ကျောင်းသူကျောင်းသားဦးရေ ဘယ်လောက်ရှိသလဲ ။
၃။ ယခု တို့နေထိုင်တဲ့ မြို့/ ရွာ တည်ရှိခဲ့တာ မည်မျှကြာပြီလဲ။

ကျောင်းသူ၊ ကျောင်းသားများက အဖြေမှန်ကို ပေးနိုင်ခြင်း ရှိမရှိမှာ အရေးမကြီးပါ။ သူတို့အား မိမိလူမှုအဖွဲ့အစည်းဆိုင်ရာအချက်အလက်များကို စတင်နိဒါန်းပျိုးရန်အတွက်သာဖြစ်ပါသည်။
(သို့ရာတွင် ယင်းအဖြေများကို ဆရာ/မများက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများထံတွင် ကြိုတင်ရှာဖွေမှတ်သားထားပါ။)
ကျောင်းသူကျောင်းသားများမှ အဖြေမှန်ကို သိလိုလျှင် အဖြေကိုမပြောဘဲ ယခုသင်ခန်းစာ တွင် ယင်းအကြောင်းတို့ ကို မိမိတို့ကိုယ်တိုင် ရှာဖွေဖေါ် ထုတ်ရတော့မည်ဖြစ်ကြောင်း ပြောပြပါ။

**ပုံမှီးရှင်းလင်းချက်**

- လူမှုအဖွဲ့အစည်းဝင်များအနေဖြင့်၊ မိမိလူမှုအဖွဲ့အစည်းအတွင်းနေထိုင်ကြသော မတူကွဲပြားသောအုပ်စု (အင်အားစု)များကို သိရှိသဘောပေါက်လာစေရန်၊ ထိုအခါ မိမိတို့လူမှုအဖွဲ့အစည်း၏ ကောင်းကျိုးအတွက် ပိုမိုထိရောက်စွာအတူတကွ လက်တွဲအလုပ်လုပ်နိုင်ကြစေရန် ဖြစ်ပါသည်။
  - ကျား၊မ၊ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ အလုပ်အကိုင်၊ ဝင်ငွေ၊ စိတ်ဝင်စားမှု၊

- လူမှုအဖွဲ့အစည်းများအတွင်း မတူကွဲပြားသောအုပ်စုများအကြား၊ မတူကွဲပြားသောလိုအပ်ချက်များကို သိရှိ သဘောပေါက် နိုင်ရေးအတွက် ကူညီပေးရန်။
  - မတူညီသော အုပ်စုများအနေဖြင့် လိုအပ်ချက်များမတူညီနိုင်ပေ။
    - ဥပမာ – လူကြီးများနှင့်လူငယ်များ၊ ကျားနှင့်မ၊ ဘာသာ၊ အလုပ်အကိုင်၊ ဝင်ငွေ

- လူမှုအဖွဲ့အစည်းတခု၏ အခြေအနေနှင့် အခြားလူမှုအဖွဲ့အစည်းတခုကို နှိုင်းယှဉ်ဖော်ပြနိုင်ရန်။
  - နှိုင်းယှဉ်ခြင်းဖြင့် အုပ်စုတစ်ခုနှင့်တစ်ခုတို့၏ကွာဟချက်ကို ပိုမိုပီပြင်စွာ သုံးသပ်နိုင်ပါသည်။

- လူမှုအဖွဲ့အစည်းများနှင့် ၎င်း၏အဖွဲ့ဝင်ပြည်သူများအတွက် လိုအပ်ချက်များကို ဖြည့်ဆီးနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်။
  - အခြေအနေကို သိမြင်မှ လိုအပ်ချက်ကို သိနိုင်ပြီး လုပ်ဆောင်မည့် လုပ်ငန်းကို သိမြင်နိုင်မည်။

- ထိုလူမှုအဖွဲ့အစည်း၏ လိုအပ်နေချက်များကို ပိုင်းခြားဆုံးဖြတ်နိုင်ရန်တို့အတွက် ဖြစ်ပါသည်။
  - အခြေအနေမှန်ကိုသိပါမှ အမှန်တကယ်အရေးကြီးဆုံးလိုအပ်ချက်ကို စံနစ်တကျ ဖေါ်ထုတ်နိုင်မည်ဖြစ်သည်။

**အကြံပြုချက်**

## လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များတွင် ပါဝင်ရမည့်အချက်အလက်များ

ခေါင်းစဉ်တစ်ခုတိုင်းအောက်တွင် ယင်းခေါင်းစဉ်နှင့် အကျုံးဝင်သော အခြားမည်သည့် အချက်များကို ထပ်မံဖြည့်စွက်လိုသည်ကို ကျောင်းသူ ကျောင်းသားတို့အား မေးပေးပါ။ တင်ပြလာမည့် အကျုံးဝင်နိုင်သော ထပ်မံဖြည့်စွက်သည့် အချက်အလက်ကို အသိအမှတ်ပြုပြီး အတန်းသူ အတန်းသားအားလုံးကို ထပ်မံရေး မှတ်စေပါ။ လိုအပ်လျှင်ဆရာမှ နေပြီးအောက်ပါဖြည့်စွက်အကြံပြုချက်များကို သွယ်ဝိုက်၊အချက်ပြမေးခွန်းများဖြင့် မေးပြီးပံပိုးပေးပါ။ (ကျောင်းသူကျောင်းသားတို့၏ အတွေးအခေါ်ကို တန်ဖိုးထားအသိအမှတ်ပြုပေးခြင်းဖြင့် အတန်းတွင်း စာသင်ကြားမှုကို ပိုမိုတက်ကြွစိတ်ဝင်စားစရာ ကောင်းလာစေနိုင်ပါသည်။ ထို့အတူ သူတို့ ၏ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု၊ တီထွင်ကြံဆမှု၊ အပြုသဘောဖြင့် ပါဝင်တတ်သည့် စိတ်ဓါတ်တို့ တိုးပွါးစေနိုင်ပါသည်။)

### ဖြည့်စွက်နိုင်သည့် ဥပမာအချက်အလက်များ–

### လူဦးရေဆိုင်ရာ အချက်အလက်များ

အခြား – အသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာ တတ်ကျွမ်းမှု
စိတ်ရောဂါနှင့် မသန်မစွမ်းတည်ရှိနေမှု အခြေအနေ

### အရင်းအမြစ်များ

အခြား – ရေအရင်းအမြစ်၊(ပင်လယ်၊အင်း၊အိုင်၊ချောင်း၊မြောင်း၊ရေတံခွန်) ။ စားနိုင်၊သုံးနိုင်သည့် သဘာဝပေါက်ပင်၊ သံယံဇာတ (အိုးအုတ်စသည်တို့အတွက် ဖုတ်မြေ၊ သဲ၊ ကျောက်၊ ရွှေ၊ သတ္တုမိုင်း၊ရေနံ၊ သဘာဝဓါတ်ငွေ့)

**အဖွဲ့အစည်းနှင့်ဝန်ဆောင်မှုလုပ်ငန်း**

အခြား – ဘာသာရေးအသင်းအဖွဲ့များ။ လူငယ် (ကာလသမီး ကာလသား) အသင်းအဖွဲ့များ။ အမျိုးသမီးအသင်းအဖွဲ့များ။ မိခင်နှင့်ခလေးစောင့်ရှောက်ရေးအသင်းများ၊ စားသုံးသူ၊ ကုန်အရောင်းအဝယ် သမဝါယမအသင်းအဖွဲ့များ။ဆံသ နှင့် အလှပြင်၊ အနှိပ်သည် စသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ ကုန်တင်ကုန်ချ၊ ဆိုက်ကား စသည့် အလုပ်သမားအသင်းများ။

**လူမှုအဖွဲ့အစည်းနောက်ခံသမိုင်းကြောင်း**

အခြား – ထူးခြားသော စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှု နှင့်ဆုတ်ယုတ်မှုများ (လမ်း၊တံတား၊ ကုန်သွယ်ရေးအခွင့်အလမ်း၊ ကုန်ဈေးနှုန်း၊ နည်းပညာ၊ စီးပွါးရေးစံနစ်)

ထူးခြားသော သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု (သစ်တော၊ တောရိုင်းတိရိစ္ဆာန်၊ မြေယာ၊ သားငါးပုဇွန်)

**ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များ**

အခြား – ခံယူချက် အမြင်သဘောထားများ (အသက်မွေးဝမ်းကျောင်းအမျိုးအစား၊ ဆင်းရဲချမ်းသာ၊ နိုင်ငံရေး၊ လူမှုဓလေ့ထုံးစံ၊ကျားမ၊ ပညာရေး၊ ကျန်းမာရေး စသည့်အခြေအနေကြီးများအပေါ် ခံယူထားသည့် သဘောထားများ)။

ချဲ၊ ဗေဒင်၊ သရဲတစ္ဆေ၊ ဘိုးတော်၊ ရသေ့ ယုံကြည်မှုများ။ အစားအသောက်အပေါ် အမြင်များ။

လူမှုရေး၊ ယဉ်ကျေးမှု နှင့်ပတ်သက်သော ပဋိပက္ခ အမြင်များ။

မတူညီသော လူမျိုး၊ ဘာသာရေး အုပ်စုများများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ

**သတိပြုရန်**

လူမှုအဖွဲ့အစည်းအကြောင်းလေ့လာရာတွင် သူခိုး၊ထါးပြ၊ ခါးပိုက်နှိုက်၊ ပြည့်တန်ဆာ၊ စုန်းကဝေ စသည့် ဒုစရိုက်ဟု သတ် မှတ်ထားသည့် အဖွဲ့များ၏အကြောင်းလည်း နှိုက်နှိုက်ချွတ်ချွတ် ပါဝင်လာတတ်ပါသည်။ အချို့သော လူမှုအဖွဲ့ အစည်းတွင် ယင်းသို့သော အုပ်စုများ၊ အဖြစ်အပျက်များလည်း ရှိတတ်ပြီး ဖြေရှင်းရမည့် လူမှုအဖွဲ့အစည်း ပြဿနာ တစ်ခုအနေဖြင့် ရှိနေတတ်ပါသည်။ လေ့လာလျှင် လေ့လာသလို များစွာ တွေ့ရှိလာရမည် ဖြစ်ပါသည်။ သင်ခန်းစာအတွက်ရရှိနိုင်သောအချိန်နှင့် အခြေအနေတို့အပေါ်တွင်မူတည်ပြီး သင့်လျှော်သလို/လိုအပ်သလို သင်ခန်းစာများအား ဦးဆောင်ပေးသွားပါရန်။

## အကြံပြုချက်

**ဆွေးနွေးရန်သင်ခန်းစာ**

ကျောင်းသူကျောင်းသားများအား ငါးဦး တစ်ဖွဲ့ခန့်ဖွဲ့ပြီး ပေးထားသောခေါင်းစဉ်ကို အချိန် မိနစ် ၂၀ ခန့်ပေးပြီး ဆွေးနွေးစေပါ။ ထို့နောက် ဆွေးနွေးထားသောအချက်အလက်များကို တစ်ဖွဲ့လျှင် (၅) မိနစ်ခန့် အချိန်ပေးပြီး အတန်းရှေ့တွင် ပြန်လည်တင်ပြစေပါ။ (အချက် ငါးချက်ပါဝင်သဖြင့် ငါးဦးပါဝင်သောအဖွဲ့အတွက် အဖွဲ့ဝင်တစ်ဦးလျှင် တစ်ချက်စီ ပြန်လည်တင်ပြစေခြင်းဖြင့် အဖွဲ့ဝင်အားလုံး ပြန်လည်တင်ပြနိုင်သော အခြေအနေကို ဖန်တီးနိုင်ပါ သည်။)

**အချက်အလက်အုပ်စုတစ်ခုချင်းစီတို့အား မှတ်တမ်းပြုရခြင်း၏ ဦးတည်ချက်အနှစ်သာရများ**

- လူဦးရေဆိုင်ရာအချက်အလက်များ(Demographic information)
  - လူမှုအဖွဲ့အစည်းတစ်ခုလုံးနှင့် ယင်းလူမှုအဖွဲ့အစည်းဝင်တို့၏ သရုပ်သဏ္ဌာန်၊ အတိုင်းအတာ ပမာဏတို့ ကို ပေါ် လွင်စေသော အခြေခံ အချက်အလက် များဖြစ်ပါသည်။
- အရင်းအမြစ်များ(Resources)
  - ယင်းလူမှုအဖွဲ့အစည်းအတွက် အခြေခံကျသော လိုအပ်မှုဖြစ်သည့် အသက်ရှင်ရပ်တည်မှု၊ စားဝတ်နေရေး (စီးပွါးရေး) အတွက် လူတို့က ဖန်တီးထားသော အခြေအနေနှင့် သဘာဝက ပေးထားသော အခြေအနေများ ကို သိရှိနိုင်ပါသည်။
- အဖွဲ့အစည်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများ (organizations and services)
  - လူမှုအဖွဲ့အစည်းအတွင်းပါဝင်နေသူများ၏ စုပေါင်းဆောင်ရွက်မှု အနေထား၊ အခြေအနေ တို့ကို ဆိုလိုပါသည်။ လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးတွင် ၄င်းအချက်အလက်များသည် အလွန်အရေးပါသော ရှိနှင့်ထားပြီးသည့် စွမ်းဆောင်မှုအင်အား အချက်အလက်များဖြစ်ပါသည်။
- လူမှုအဖွဲ့အစည်းသမိုင်းကြောင်း (Community history)
  - လူမှုအဖွဲ့အစည်း ၏ နောက်ခံအခြေအနေ၊ အတွေ့အကြုံ စသည်တို့သည် ယင်း လူမှုအဖွဲ့ အစည်းဝင်အများစု၏ ခံစားချက်၊ ခံယူချက်၊ မျှော်မှန်းချက် စသည်တို့ကို ထင်ဟပ်ပေါ် လွင်စေနိုင်ပါသည်။ ထို့အပြင် လက်ရှိ ဖြစ်ပွါးတည်ရှိနေသော အခြေအနေတို့၏ အကြောင်းရင်းများအနက် အရေးပါသော အကြောင်းရင်းကြီးတခုဖြစ်ပါသည်။
- ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များ (Culture)
  - ယဉ်ကျေးမှု ဓလေ့ထုံးစံသည် ထိုလူမှုအဖွဲ့အစည်းဝင်တို့၏ အလေ့အထ၊ စိတ်နေသဘောထား၊ လူမှုဆက်ဆံရေး၊ မိတ်သဟာရအုပ်စုဖွဲ့ခြင်း စသည်တို့ကို သိရှိရန်အတွက် အလွန်အရေးကြီးသော အချက်အလက်များဖြစ်ပါသည်။

## လေ့ကျင့်ရန်အတွက် နမူနာအဖြေများ

၁. လူမှုအဖွဲ့အစည်း ၏ အချက်အလက်များဆိုသည်မှာ အဘယ်နည်း။

လူမှုအဖွဲ့အစည်း၏ အချက်အလက်များ ဆိုသည်မှာ ယင်း လူမှုအဖွဲ့အစည်း၏ နောက်ခံသမိုင်းရေးရာ အချက်အ လက်များ၊ အရင်းအမြစ်များ၊ ယဉ်ကျေးမှုအခြေအနေများ၊ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများ၊ လူဦးရေဆိုင်ရာ အချက်အလက်များ၊ စားဝတ် နေရေးနှင့်စီးပွါးရေးဆိုင်ရာ အချက်အလက်များ စသည်တို့ ကို ဖေါ်ပြထားသည့် မှတ်တမ်း၊ စာတမ်းဖြစ်ပါသည်။

၂။လူမှုအဖွဲ့ အစည်း ၏ အချက်အလက်များကို မှတ်တမ်းပြုခြင်း ၏ ရည်ရွယ်ချက်မှာအဘယ်နည်း။

လူမှုအဖွဲ့အစည်း၏ အချက်အလက်များကို မှတ်တမ်းပြုခြင်းသည် လူမှုအဖွဲ့အစည်း တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် အတွက် နည်းလမ်း ကရိယာတစ်ခုဖြစ်သည်။ ဤသို့ မှတ်တမ်းပြုခြင်း၊ လေ့လာခြင်းဖြင့် လူမှုအဖွဲ့ အစည်းတစ်ခုလုံး၏ အခြေအနေ၊ သွင်ပြင်သဏ္ဍာန်တခုလုံးကို ထင်ရှားစွာ ခြုံငုံတွေ့မြင်နိုင်ပြီး ယင်းမှတဆင့် လူမှုအဖွဲ့အစည်း၏ လိုအပ်ချက်များကို တွေ့မြင်နိုင်ပါသည်။ ထို့အတူ လူမှုအဖွဲ့အစည်း တစ်အုပ်စုနှင့်တစ်အုပ်စု တို့၏ မတူညီ သည့် လိုအပ်ချက်များကိုလည်း တွေ့မြင်နိုင်ပါသည်။ ထိုသို့ သိမြင်ပြီးနောက် အမှန်တကယ် လိုအပ် သည့် အချက်အလက်နှင့် လုပ်ဆောင်စရာများကို မှန်ကန်စွာ ဆုံးဖြတ်ဖြည့်စည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၃။ လုပ်ငန်းစီးဆင်းပုံဇယားရှိ လုပ်ငန်းစဉ်အဆင့်ဆင့်၏ အဓိကရည်ရွယ်ချက်ပန်းတိုင်ကြီးသည် မည်သည့်အရာ ဖြစ်ပါသနည်း။

အဓိကပန်းတိုင်မှာ လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန် အတွက်ဖြစ်သည်။

၄။ သင်၏ လူမှုအဖွဲ့အစည်းတွင် ရှိနေသော အရင်းအမြစ်များအနက် ဥပမာ(၁၀)ခု ကိုဖော်ပြပါ။

အဆောက်အဦများ၊ ဝန်ထမ်းများ၊ အလုပ်သမားများ၊ မြေယာများ၊ငွေ၊ ယာဉ်၊ ရေယာဉ်၊ ပရိဘောဂပစ္စည်းများ၊ ရုံးသုံးပစ္စည်းများ၊ စက်အမျိုးမျိုး၊ လက်လုပ်ကရိယာများ (လှည်း၊ ဆုံ၊ ပလိုင်း၊ ကွန်စသည်ဖြင့်)

၅။ သင်၏ လူမှုအဖွဲ့အစည်းတွင် ရှိနေသော ဝန်ဆောင်မှုလုပ်ငန်းများအနက် ဥပမာ (၅) မျိုးကိုဖော်ပြပါ။

ကျန်းမာရေးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးလုပ်ငန်းများ၊ အမျိုးသမီး အသင်းများ၊ လူငယ် အသင်းများ၊ ရေပေးဝေခြင်းလုပ်ငန်း၊ အမှိုက်သိမ်းခြင်းလုပ်ငန်း၊ လမ်းပြင်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊

၆။ သင်၏ လူမှုအဖွဲ့အစည်း သမိုင်းကြောင်းကိုဖော်ပြရမည်ဆိုလျှင် ပါဝင်ရမည့် အဓိကခေါင်းစဉ် (၃)ခုကို ဖော်ပြပါ။

ထင်ရှားသော သမိုင်းဝင်အဖြစ်အပျက်၊ သဘာဝဘေးဒါဏ်၊နိုင်ငံရေး အပြောင်းအလဲအခြေအနေ၊ ကျောင်း (သို့) ဆေးရုံစသည့် အဖွဲ့အစည်း စတင်တည်ထောင်ခဲ့သည့်အကြောင်း၊ လမ်းတံတားသစ်ဖေါက်လုပ်ခဲ့ခြင်း စသည်ဖြင့်

၇။ သင့်လူမှုအဖွဲ့အစည်းတွင် ယဉ်ကျေးမှုအရ အဓိကကျသည့် အုပ်စုတခုကို ဖေါ်ပြပြီး သင့်လူမှုအဖွဲ့အစည်း ၏ ယဉ်ကျေးမှု နောက်ခံအခြေအနေကို ယေဘုယျ သုံးသပ်တင်ပြပါ။

လူမှုအဖွဲ့အစည်းအတွင်း အများစုဖြစ်သည့် လူမျိုး(သို့) ဘာသာဝင် အုပ်စုတခုခု

ယင်းအုပ်စု၏ အခြေအနေနှင့်သွင်ပြင်သဏ္ဍာန်အနေအထား၊ အသုံးပြုသည့် စကား၊ ကျားမ အလုပ်ခွဲခြား တာဝန်ယူဆောင်ရွက်မှု အခြေအနေ၊ ယဉ်ကျေးမှု ပြောင်းလဲလာမှု အခြေအနေ၊ မတူညီသည့် အခြားအုပ်စုတို့နှင့် ဆက်ဆံရေးအနေအထား၊

## မွန်ဒုက္ခသည်စခန်း လူမှုအဖွဲ့အစည်းဆိုင်ရာ အချက်အလက်များ မှတ်တမ်းလေ့လာချက်

ယင်းမှတ်တမ်းကို အကျဉ်းချုပ်ထားသဖြင့် အချို့သော အကြောင်းအရာတို့မှာ နားလည်ရန်ပင်လျှင် ခက်ခဲသွားမည်ကို တွေ့နိုင်ပါသည်။

ယင်မှတ်တမ်း တင်ပြပုံ အစီအစဉ်အားအတန်းသူအတန်းသားအားလုံး သတိပြုမှတ်သားထားရန်လိုပါသည်။

(၁) နိဒါန်းတွင်တင်ပြထားသော အကြောင်းအရာ

(၂) အချက်အလက်များကို ကောက်ယူစုစည်းထားပုံ နည်းလမ်းများအား ရှင်းလင်းတင်ပြချက်

(၃) ရလဒ် – မှတ်တမ်း၏ နောက်ဆုံးရည်ရွယ်ချက် ပန်းတိုင်/ပြန်လည်အသုံးပြုပုံ အားဖော်ပြချက်

(၄) သမိုင်းနောက်ခံအား အပိုင်း ၁ ဟု သတ်မှတ်ထားပြီး တင်ပြပုံ

(၅) အပိုင်း ၂ တွင် လူဦးရေဆိုင်ရာ အချက်အလက်များ အား ခေါင်းစဉ်ငယ်တစ်ခုချင်းစီဖြင့် ဖော်ပြပုံ

(၆) ပညာရေးအခြေအနေအား အပိုင်း ၃ နှင့် ၄ နှစ်ပိုင်းခွဲပြီး တင်ပြထား ပုံ

(၇) နောက်ဆုံး အနှစ်ချုပ်တွင် မှတ်တမ်းတစ်ခုလုံးအား ခြုံငုံပြီး ပြန်လည်သုံးသပ်ကောက်ချက်ချ ထားပုံ စသည်အချက်တို့ကို ကျောင်းသူကျောင်းသားများ သတိပြုမိစေအတွက် ဆွေးနွေး ပေးပါ။

## စာမျက်နှာ (၁၅) တတန်းလုံး ဆွေးနွေးရန်

## ထပ်မံ ဖြည့်စွက်နိုင်သည့် အကြောင်းအရာ ခေါင်းစဉ် ဥပမာများ

အိမ်ထောင်ရေးအခြေအနေ၊ လူမှုရေး/နိုင်ငံရေးအဖွဲ့အစည်းဝင်ဖြစ်မှု အခြေအနေ၊

ထို့အပြင် အချို့သော ခေါင်းစဉ်များကို ထပ်မံ ၍ပြည်စုံလိုသည့်ရည်ရွယ်ချက်ဖြင့် ထပ်မံဖြည့်စွက် မေးခွန်းများကို ထည့်သွင်းမေးမြန်းနိုင်ပါသည်။

## သတင်းအချက်အလက်များ စုဆောင်းခြင်းနည်းလမ်းများ

## အကျဉ်းချုပ်

- – တိုင်ပင်မေးမြန်းခြင်း
- – ပြုစုထားနှင့်ပြီးသော မှတ်တမ်းများကို လေ့လာမှတ်တမ်းပြုခြင်း
- – မေးခွန်းလွှာများဖြင့်မေးမြန်းခြင်း
- – မိမိကိုယ်တိုင် လေ့လာသုံးသပ်ခြင်း

### လျှို့ဝှက်ရန်လိုအပ်သည့်အခြေအနေ

အထက်ပါနည်းလမ်းများကို အများအားဖြင့် အသုံးပြုနိုင်သော်လည်း မိမိအခြေအနေ၊ မိမိအကောင်အထည်ဖော်လိုသည့် လှုပ်ရှားမှု၊ ယင်း ဒေသလူမှုအဖွဲ့အစည်း၏ အခြေအနေ၊ လုပ်ဆောင်မည့် လုပ်ငန်းအမျိုးအစားစသည့် အနေအထားအပေါ် တွင်မူတည်ပြီး သင့်လျော်သည့် နည်းဟန်ကို အသုံးပြုရမည်ဖြစ်သည်။

တခါတရံ မိမိ ဆောင်ရွက်မည့်လုပ်ငန်းကို ပိုမိုထိရောက်စေရန်အတွက် မိမိသတင်းအချက်အလက်မှတ်တမ်းပြုလုပ်နေ ကြောင်းကို လျှို့ဝှက်ရန် လိုအပ်သည့် အနေအထားမျိုးလည်းရှိလာတတ်ပါသည်။ ဥပမာ – နိုင်ငံရေး၊ လူမှုအခွင့်အရေး၊ ဓလေ့ထုံးစံ အရ ကန့်သန့် တင်းကြပ်ထားသော အခြေအနေရှိနေသည့် နယ်မြေ များတွင် သတင်းအချက်အလက် မှတ်တမ်းပြုရသောအခါမျိုးဖြစ်ပါသည်။

တခါတရံ လူထု၏စစ်မှန်သော အမြင်ဆန္ဒသဘောထားနှင့် သတင်းအချက်အလက်များကို သိရှိရန်လိုအပ်သော အခြေအနေများ တွင် လျှို့ဝှက်သွယ်ဝိုက်စွာ သတင်းအချက်အလက်များစုဆောင်းခြင်း နည်းလမ်းကို အသုံးပြုနိုင်ပါသည်။

## လေ့ကျင့်ရန်အတွက် နမူနာအဖြေများ

၁။ လက်ရှိ လူမှုအဖွဲ့အစည်းတွင် တည်ရှိနေသော လက်လှမ်းမီသမျှ အသင်းအဖွဲ့တို့၏ အချက်အလက်များဖြစ်ပါသည်။ (ဆရာဆရာမများသည် ဤအဖြေကို ကြိုတင်သိရှိထားအောင် လေ့လာမှတ်သားထားရန်လိုအပ်ပါသည်။အဖြေများကို ဇယားကွက်ပြင်ဆင်ပြီး ဖြေဆိုစေပါ။)

| အသင်းအဖွဲ့၏ အမည် | တာဝန်ခံပုဂ္ဂိုလ်နှင့် ဆက်သွယ်ရန်လိပ်စာ |
|---|---|
| | |
| | |
| | |
| | |

၂။ နားလည်ရန်ခက်သော မေးခွန်းများကို မေးမြန်းမိပါက ဖြေဆိုသူများအတွက် စိတ်အနှောက်အယှက် ဖြစ်သွားနိုင်ပြီး လိုအပ်သည့် အဖြေမှန်ကိုလည်း ရရှိရန် ခက်ခဲမည်ဖြစ်ပါသည်။ ထိုအခါ မိမိ၏ ဆောင်ရွက်ချက်များကိုလည်း ပြန်လည်ထိခိုက်နစ်နာစေနိုင်ပါသည်။

၃။ – သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေးမေးမြန်းခြင်း
– ရရှိနိုင်သော မှတ်တမ်းများအား ကြည့်ရှုလေ့လာမှတ်သားထားခြင်း
– ပြင်ဆင်ထားသော မေးခွန်းများကို အသုံးပြုပြီး လိုက်လံမေးမြန်းခြင်း
– သုံးသပ်လေ့လာခြင်း

## အကြံပြုချက်

- နောက်ခံဆိုင်ရာ အချက်အလက်များ
- ကိန်းဂဏာန်းဆိုင်ရာ အချက်အလက်များ တို့ကို ရှင်းလင်းပြသည့်အချိန်တွင်

သင်ခန်းစာ စတင်ခဲ့စဉ်က အုပ်စုများအနေဖြင့် မိမိတို့ တင်ပြခဲ့သည့်အချက်အလက်များအနက် မည်သည့်အချက်များသည် သမိုင်းဆိုင်ရာ အချက်အလက်များဖြစ်ပြီး မည်သည့်အချက်အလက်များသည် ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များ ဖြစ်ခဲ့သည်ကို ပြန်လည်အမှတ်ရစေပါ။

ဆရာမှ မေးမြန်းခဲ့သော သင်သိပါသလားဆိုသည့် မေးခွန်းတို့အနက် လူဦးရေဆိုင်ရာမေးခွန်းများသည် ကိန်းဂဏန်းဆိုင်ရာအချက်အလက်များဖြစ်ခဲ့ပြီး မြို့ရွာတည်ခဲ့သည့်အချိန် မေးခွန်းသည် နောက်ခံဆိုင်ရာ အချက်အလက် ကို မေးမြန်းခဲ့ကြောင်း ပြန်လည်အမှတ်ရစေပါ။

## လေ့ကျင့်ရန်အတွက် နမူနာအဖြေများ

၁။ နောက်ခံဆိုင်ရာအခြေအနေ ဆိုသည်မှာ အဆိုပြုတင်ပြထားသော အကြောင်းအရာတခုအား ပိုမိုပြီးခိုင်မာစွာ သက်သေဖြစ်စေနိုင်သော နောက်ခံအကြောင်းအရာဖြစ်ပါသည်။
လူမှုအဖွဲ့အစည်း၏ အချက်အလက်များ ဆိုသည်မှာ ကောက်ယူစုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ ကိန်းဂဏန်းအချက်အလက်များသည် အဆိုပြုတင်ပြထားသော အချက်အလက်ကို ပိုမိုခိုင်မာစွာ သက်သေထူနိုင်ပါသည်။
ဥပမာ– လူမှုအဖွဲ့အစည်း၏ နောက်ခံဆိုင်ရာ အခြေအနေ = ထိုင်းမြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများ တွင် အမျိုးသမီးအတော်များများသည် စာမတတ်ကြပေ။
လူမှုအဖွဲ့အစည်း၏ အချက်အလက်များ= မွန်နှင့်ကရင်နီ ဒုက္ခသည်စခန်းတို့တွင် အမျိုးသားလူဦးရေ အားလုံး၏ ၆၀%မှ ၇၀%အထိ မှာ စာတတ်သူများ ဖြစ်ကြပြီး မွန်အမျိုးသမီးတဝက်ကျော်နှင့် ကရင်နီအမျိုးသမီး ၅၀%မှ ၆၀% အထိမှာ စာတတ်ကြမြောက်ကြသူများဖြစ်ပါသည်။

၂။ ကျောင်းသူကျောင်းသားတို့ ရေးသားမည့် မေးခွန်းဥပမာများမှာ အမျိုးမျိုးဖြစ်နိုင်ပါသည်။

၃။




၄။ပေးထားသော ဇယားမှာအချက်အလက်များကို ပြန်လည်တွက်ချက်ပြီး ဂရပ်တွင် ပြည့်စုံစွာရေးဆွဲတင်ပြပါ။

| တက်ရောက်သင်ကြားခဲ့သည့်အတန်း | အရေအတွက် | ရာခိုင်နှုန်း % |
|---|---|---|
| သူငယ်တန်းနှင့်အောက် | 9 | **e.g.** 9 ÷ 70 x 100 =12.86 |
| လေးတန်း | 14 | 20 |
| ခြောက်တန်း | 12 | 17.14 |
| ကိုးတန်း | 7 | 10 |
| ဆယ်တန်း | 3 | 4.29 |
| ကျောင်းဆရာသင်တန်း | 12 | 17.14 |
| အသက်မွေးဝမ်းကြောင်းနှင့်အခြားသင်တန်းများ | 6 | 8.57 |
| ကျန်းမာရေးလုပ်သားသင်တန်း | 4 | 5.71 |
| တက္ကသိုလ် | 3 | 4.29 |
| **စုစုပေါင်း** | **70** | **100** |




၅။ အထက်ပါဇယားတွင် ပေါ်လွင်နေသော ကိန်းဂဏန်းများအရ ထိုလူမှုအဖွဲ့အစည်း၏ ပညာရေး ရင်းမြစ် တည်ရှိနေမှု အနေထားကို အောက်ပါအတိုင်း သုံးသပ်နိုင်ပါသည်။

ဆယ်တန်းအောင်နှင့်တက္ကသိုလ် ပညာရေးရှိထားသူ အရေအတွက် နည်းနေသည်ကို ကြည့်ခြင်းဖြင့် အတန်းပညာ အဆင့်မြင့် အောင်မြင်သူ နည်းပါးနေသည်ကို သိနိုင်ပါသည်။ ထို့အတူ ဆယ်တန်း မရောက်မီ ကျောင်းမှ နုတ်ထွက်ကြသော အခြေအနေ ဆိုးဝါးစွာ ဖြစ်ပျက်နေသည်ဟု ခန့်မှန်းနိုင်ပါသည်။

တန်းမြင့်ကျောင်းအောင်ပြီး တက်ရောက်ရမည့် ပညာရေးအစီအစဉ်များတိုးချဲ့ဆောင်ရွက်ရန် လိုလိမ့်မည်ဟု ယူဆနိုင်ပြီး ထိုသို့တိုးချဲ့မှသာ မိဘများလည်း သားသမီးတို့ကို ကျောင်းထားရန် အားပေးကြမည် ဖြစ်ပြီး ၁၀တန်း မရောက်မီ ကျောင်းထွက်ကြသော အခြေအနေလည်း လျော့နည်းသွားလိမ့်မည်ဟု ယူဆနိုင်ပါ သည်။

ကျောင်းဆရာသင်တန်း တက်ရောက်သူ များစွာရှိနေသည်ကို ကြည့်ခြင်းဖြင့် ယင်း သင်တန်းတို့အား ဆက်လက် ပံ့ပိုးမှုအစီအစဉ်များ လိုအပ်ကြောင်းခန့်မှန်းနိုင်ပါသည်။

## တတန်းလုံးဆွေးနွေးရန်

လူတို့တွင် လိုအပ်ချက်အမျိုးမျိုး ရှိကြပါသည်။ ဈေးသည်များသည် လူတို့လိုအပ်သော(သို့မဟုတ်)လိုချင်သော ကုန်ပစ္စည်းများအပေါ်တွင် အခြေခံပြီး အရောင်းအဝယ်ပြုလုပ်ကြသူများ ဖြစ်ကြပါသည်။ တနည်းအားဖြင့် ကြည့်လျှင် ဈေးသည်များသည် လူတို့ လိုအပ်သော (သို့) လိုချင်သော ကုန်ပစ္စည်းများကို အလွယ်တကူ ရရှိစေရန် စီစဉ် အကျိုးဆောင်၊ ဝန်ဆောင် ပေးကြသည့်သူများဖြစ်လေသည်။ ထိုကြောင့် ယင်းတို့အား ဝန်ဆောင်မှုလုပ်ငန်းများကို တိုက်ရိုက်အခကြေးငွေယူပြီး ဆောင်ရွက်ကြသူများအဖြစ် ယူဆနိုင်ပါသည်။
(ဝန်ဆောင်မှုလုပ်ငန်းတွင် အခမဲ့ ဝန်ဆောင်မှုပေးခြင်းနှင့် အခကြေးငွေယူပြီး ဝန်ဆောင်မှုပေးခြင်းတို့ ရှိကြပါသည်။)

**ပြန်လည် စစ်ဆေးခြင်းစာရင်း(Check list) အတွက် တန်းစီ ပြိုင်ပွဲ သင်ခန်းစာ။**

ကျောင်းသူကျောင်းသားများအနေဖြင့် စစ်ဆေးခြင်းစာရင်းကို အစဉ်လိုက်အတိုင်း ကြိုတင်၍ အလွတ်မှတ်သား ထားရမည် ဖြစ်သည်။

လိုအပ်သောအရာများ– ( စစ်ဆေးခြင်းစာရင်းနှစ်စုံ၊ ပလာစတာတိတ်)

(၁) တန်းစီပြိုင်ပွဲ၏ အကြောင်းနှင့်ပတ်သက်ပြီး သိထားရန်သင့်သော အချက်များကို ရှင်းလင်းပြောပြပါ။

(၂) အတန်းကို နှစ်ဖွဲ့ခွဲပါ။

(၃) ယင်းတစ်ဖွဲ့စီ၏ အရေအတွက်ကိုကြည့်ပြီး သင့်လျော်သလို ပေးထားသော စာရင်းနှစ်စုံအား ဖြတ်ပိုင်းငယ်များ ဖြတ်ပြီး ဖြတ်ပိုင်းအုပ်စု နှစ်စု ထားပါ။(ဥပမာ အုပ်စုတစ်တွင် ဆယ်ဦးဖြစ်ပါက ဖြတ်ပိုင်း ဆယ်ခုဖြတ်ပါ)

(၄) ဖြတ်ပိုင်းတစ်ခုစီကို တိတ်ဖြင့် ကျောတွင်ကပ်နိုင်ရန် စီစဉ်ထားပါ။

(၅) အုပ်စုနှစ်ဖွဲ့လုံးအား ကျောခိုင်း တန်းစီခိုင်းပြီး ဆရာမှနေ၍ သူတို့၏ ကျောတွင်တစ်ခုစီ လိုက်ကပ်ပါ။ (စာရင်း အစဉ်လိုက် အတိုင်း မဖြစ်အောင် ကပ်ပါ။)

ထိုအချိန်မှစပြီး မည်သူမျှ စကားမပြောရပါ။လက်ဟန်ခြေဟန်ပြနိုင်ပါသည်။

(၆) အားလုံး ကပ်ပြီးပါက ဆရာမှ တစ်–နှစ်–သုံး အချက်ပေး၍ စတင် ပြန်လည်၍အစဉ်လိုက် တန်းစီခိုင်းပါ။

(၇) မိမိအဖွဲ့ တွင် စာရင်းအစဉ်လိုက်အတိုင်း စကားမပြောဘဲ အသံတိတ် ရှေ့နောက် အမြန်ပြန်လည် တန်းစီကြရမည် ဖြစ်သည်။

(၇) တန်းစီပြီးပါက နောက်ဆုံးမှရှိနေသူက ပြီးဆုံးကြောင်းလက်ထောင်ပြပါ။

အစဉ်လိုက်အတိုင်း မှန်ကန်ပြီး အရင်ပြီးသော အဖွဲ့ အနိုင်ရရှိမည်ဖြစ်သည်။ အနိုင်ရသောအဖွဲ့အား ကြေညာပြီး လက်ခုပ်တီးဂုဏ်ပြုပါ။

(Community profile နှင့် Need Assesment သင်ခန်းစာ တစ်ခုစီပြီးတိုင်း ဤ Activity ကို လုပ်ဆောင်နိုင်ပါသည်။

**အကြံပြုချက်**

ဤ သင်ခန်းစာဦးတည်ချက်များကို သင်ခန်းစာ ပြီးဆုံးသောအခါ တချက်ချင်းစီ ပြန်လည် ကြည့်ရှုပြီး ကျောင်းသူကျောင်းသားများကိုယ်တိုင် မိမိတို့မည်မျှသဘောပေါက်ခဲ့ကြောင်းကို မှတ်ချက်ပြုလုပ်ရပါမည်။

ဥပမာ အနေဖြင့် မှတ်ချက်များကို အောက်ပါအတိုင်း အဆင့်ဆင့်သတ်မှတ်နိုင်ပါသည်။

သဘောပေါက်မှု

(၁) ကောင်းမွန်စွာ သဘောပေါက် သည်။
(၂) အသင့်အတင့် သဘောပေါက်သည်။
(၃) အချို့ကို ဇဝေဇဝါ ဖြစ်နေဆဲဖြစ်သည်။
(၄) သဘောမပေါက်သော အချက်များစွာရှိသည်။

တတ်ကျွမ်းမှု

(၁) လုပ်ဆောင်ရမည့်အချက်များကို အားရကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။
(၂) အသင့်အတင့်လုပ်ဆောင်နိုင်ခဲ့သည်။ ကျွမ်းကျင်ရန်လိုနေသေးသည်။
(၃) အချို့ကို စမ်းတဝါးဝါးဖြစ်နေဆဲဖြစ်သည်။
(၄) ရေးသား၊ လုပ်ဆောင်ရန် ခက်ခဲသော အချက်များစွာရှိနေပါသည်။

## အဆို ၊ အချေ ဖြင့် ဆွေးနွေးဇလှယ်ခြင်း

ဤ Activity သည် စကားရေလုခြင်း(Debate) ၏ အခြေခံစည်းမျဉ်းလေ့ကျင့်ခန်းတစ်ခု ဖြစ်ပါသည်။ တဦးပြီး တဦး အစီအစဉ်ကျစွာ တင်ပြပြောဆိုနိုင်ရန် အတန်းသူ တန်းသားအားလုံးကို စက်ဝိုင်းသဏ္ဍာန် ထိုင်နိုင်သော အခြေအနေ ကို ဖန်တီးပေးလျှင် ပိုမိုသင့်လျော်ပါသည်။လိုအပ်သော ရှင်းပြမှုကို အနည်းငယ် ရှင်းပြပေးပြီးဆွေးနွေးမှုကို စတင်နိုင်ပါသည်။

ဥပမာ –

ဆရာမှ စတင်ပြီး “လူမှုအဖွဲ့အစည်း အတွက် ဆေးရုံဟာ အရေးကြီးဆုံးလို့ ယူဆတယ်။ ဘာဖြစ်လို့လဲဆို တော့ လူတွေဟာ ကျန်းမာရေးကောင်းမှ သာယာပျော်ရွှင်နိုင်ကြမှာဖြစ်တယ်”

နောက်တစ်ဦးမှ – “ဆေးရုံဟာ အရေးကြီးဆုံးလို့တော့ ကျွန်တော်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းဟာ ဆေးရုံကို တက်ဖို့လိုအပ်မှာမဟုတ်ဘူးလေ။ လူမှုအဖွဲ့အစည်းမှာ အစားအသောက်ဟာ အရေးကြီးဆုံး လို့ ကျွန်တော်ကတော့ ယူဆတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အစားအသောက် မရှိရင် ဘယ်သူမှ အသက်ရှင်နိုင်ကြမှာ မဟုတ်လို့ဘဲ”

ထို့ သို့ဖြင့် တစ်ဦးပြီးတစ်ဦး ပြောဆိုတင်ပြသွားစေပါ။ အားလုံးပြောဆိုပြီးသွားသောအခါ တတန်းလုံးလက်ခုပ်တီးစေပြီး ဆွေးနွေးမှုကို အဆုံးသပ်ပါ။

ဖြည့်စွက်ဆွေးနွေးချက်

## လိုအပ်ချက်များကို အကဲဖြတ်သောအခါ

– ထိုလူမှုအဖွဲ့အစည်းအတွင်းမည်သို့ဖြစ်ပျက်နေသည်ကို သိရှိရန် လိုအပ်သဖြင့် ယခင်အခန်း(၁)တွင် လေ့လာခဲ့သည့်အတိုင်း လူမှုအဖွဲ့အစည်း၏ အချက်အလက်များကို မှတ်တမ်းပြုခဲ့ရခြင်းဖြစ်သည်။

– လိုအပ်ချက်များကို ဆုံးဖြတ်ရန်အတွက် "လိုအပ်မှု" နှင့် "လိုချင်မှု" ဆိုသည့် အကြောင်းအရာ နှစ်ခုတို့၏ သဘောသဘာဝ အခြေခံ ယူဆချက်မှစတင်ပြီး ဂဃနဏ သိရှိနားလည်ထားရန်လိုအပ်ပါသည်။

## လေ့ကျင့်ရန်အတွက် နမူနာအဖြေများ

(၁) လိုအပ်ချက်များကို အကဲဖြတ်ခြင်း (Need assessment ) ဆိုသည်မှာ အဘယ်နည်း။

လိုအပ်ချက်များကို အကဲဖြတ်ခြင်း (Need assessment ) ဆိုသည်မှာ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတွင် ဆောင်ရွက်ရမည့် နည်းလမ်းကရိယာတစ်ခုဖြစ်ပါသည်။ ယင်းလုပ်ဆောင်မှုဖြင့် လူမှုအဖွဲ့အစည်း ၏ အမှန်တကယ် လိုအပ်ချက်များကို သိရှိနိုင်ပြီး လိုအပ်ချက်နှင့် အသင့်လျော်ဆုံးအစီအစဉ် အမျိုးအစားများ ကို ချမှတ်နိုင်ပါသည်။ ထို့အပြင် လိုအပ်သော ရံပုံငွေရှာဖွေရေးအစီအစဉ်အတွက် တင်ပြချက်များကို ပိုမိုခိုင် မာစွာ သက်သေပြနိုင်သော အထောက်အကူကို ဖြစ်စေပါသည်။

(၂) လိုအပ်မှုနှင့် လိုချင်မှုနှစ်ခုအကြားခြားနားချက်ကို ဥပမာနှစ်မျိုးစီပေးပြီး ရှင်းလင်းတင်ပြပါ။

လိုအပ်မှုဆိုသည်မှာ လူသားတို့၏ အသက်ရှင်ရပ်တည်မှုအတွက် မရှိမဖြစ်လိုအပ်သော အရာများဖြစ်ပြီး လိုချင်မှုဆိုသည်မှာ လူသားတို့၏ အသက်ရှင်ရပ်တည်မှုအတွက် ပိုမိုသာယာပြီး အဆင်ပြေလွယ်ကူစေသော အရာများဖြစ်ပါသည်။

ဥပမာ – အစားအစာနှင့် အဝတ်အထည် သည် လူတို့အသက်ရှင်သန်ရေး၊ ရာသီဥတုဒါဏ်ကို ကာကွယ်ရန် နှင့် လူ့ယဉ်ကျေးမှု အတွက် မရှိမဖြစ်လိုအပ်သောအရာများ ဖြစ်ကြပါသည်။ ဥပမာ – ဗွီဒီယိုနှင့် မော်တော်ကား တို့မှာမူကား လူသားတို့အတွက် အပန်းဖြေမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အထောက်အကူဖြစ်စေနိုင် ပါ သည်။ ဗွီဒီယိုနှင့် မော်တော်ကားများသည် လူမှုအဖွဲ့အစည်းတွင် ရှိလျှင်ကောင်းသည်ဟု ယူဆ၍ လိုချင်ကြ သော သူ များစွာရှိနေကြသော်လည်း အမှန်စင်စစ် ယင်းပစ္စည်းတို့ မရှိသော်လည်း လူတို့သည် ဆက်လက်ပြီး အသက်ရှင် ရပ်တည်နိုင်နေမည်သာ ဖြစ်ပါသည်။

(၃) လူသားတို့အတွက် အခြေအကျဆုံးသော လိုအပ်မှု ခုနှစ်ခုကို ရေးပါ။

ရေ၊ လေ၊ အစားအစာ၊ ကျန်းမာရေး၊ အသက်အန္တရာယ်လုံခြုံရေး၊ စသဖြင့်

(၄) လူပုဂ္ဂိုလ်တဦးချင်းနှင့်ဆိုင်သော လိုအပ်မှုများကို သင်နားလည်ထားသလို ရှင်းလင်းတင်ပြပါ။

လူပုဂ္ဂိုလ်တဦးချင်းနှင့်ဆိုင်သော လိုအပ်မှုဆိုသည်မှာ လူတစ်ဦးချင်း၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်မှု၊ စိတ်ခံစားချက် သဘောထားပိုင်းဆိုင်ရာလိုအပ်မှု၊ လူမှုဆက်ဆံရေးပိုင်းဆိုင်ရာ လိုအပ်မှု၊ ယုံကြည်ကိုးကွယ်မှုပိုင်းဆိုင်ရာလိုအပ်မှု၊ စီးပွါးရေးအခြေခံ ဘဝ တိုးတက်မှု ပိုင်းဆိုင်ရာလိုအပ်မှုတို့ ဖြစ်ပါသည်။

(၅) မိသားစုအဆင့်အတိုင်းအတာ လိုအပ်မှု များအနက် ဥပမာ သုံးခုကို တင်ပြပါ။

မိသားစုအဆင့်အတိုင်းအတာလိုအပ်မှုဆိုသည်မှာ မိသားစု စုပေါင်းနေထိုင်ရေးတွင် လိုအပ်လာသည့် အရာ များကို ဆိုလိုပါသည်။ ဥပမာ – မိသားစုအတွင်းရှိရမည့် စည်းကမ်းများ၊ အစားအစာဖူလုံမှု၊ အေးချမ်း လုံခြုံမှု၊ ယိုင်းပင်းကူညီမှု၊ ချစ်ခင်ကြင်နာယုယမှု၊ စည်းလုံးညီညွတ်မှု   အစရှိသဖြင့်

(၆) လူမှုအဖွဲ့အစည်းအတိုင်းအတာ လိုအပ်မှုများအနက် ဥပမာ သုံးခုကို တင်ပြပါ။

ငြိမ်းချမ်းလုံခြုံသာယာမှု၊ လူမှုလိုအပ်ချက်များ ပြည့်စုံမှု(ရေမြေ၊ ထင်း၊ လမ်း)၊ အုပ်ချုပ်ရေး၊ တရားဥပဒေ၊ ကျန်းမာရေးနှင့်ပညာရေး အစရှိသဖြင့်

## ဖြည့်စွက်လေ့လာဆွေးနွေးရန်

အချို့သော ဒေသ (အထူးသဖြင့် မြန်မာနိုင်ငံရှိ မြို့ရွာကျေးလက်ဒေသအတော်များများ) တွင်မူ

– လူတစ်ဦးချင်း၊ အစိုးရ၊ ဝန်ဆောင်မှုပေးသူ  စသည်သတ်မှတ်ချက် တို့သာမက အိမ်နီးနားချင်း အသိမိတ်ဆွေများက လိုအပ်ချက်များကို အပြန်အလှန် အခမဲ့ ဝိုင်းဝန်းကူညီလုပ်ဆောင်ကြသည့် ဓလေ့ရှိပါသည်။

– အချို့ကျေးလက်ဒေသ(လူမှုအဖွဲ့အစည်းငယ်) အခြေအနေများတွင်မူ အစိုးရကိုလည်း မတွေ့နိုင်၊ ဝန်ဆောင်မှုပေးသူဟူ၍ သတ် သတ်မှတ်မှတ်လည်းမရှိ၊ အဲန်ဂျီအိုအသင်းအဖွဲ့များကို လည်း မတွေ့နိုင်ဘဲ လိုအပ်မှုများကို အိမ်နီးနားချင်း တို့အချင်းချင်း လိုအပ်သလို ကူညီမှုပေးကြသည့် အလွန်ရိုးစင်းသည့် အခြေအနေမျိုးများလည်း ရှိတတ်ပါသည်။

## ဖြည့်စွက်ဆွေးနွေးချက်

### လိုအပ်မှုများ အကဲဖြတ်ချက်ကို သုံး၍ဝန်ဆောင်မှုနှင့် ရံပုံငွေရရှိစေရန် ကြိုးပမ်းခြင်း

ရံပုံငွေထောက်ပံ့သည့် အဖွဲ့အစည်း (အစိုးရ၊ NGO ၊ CBO ) တို့ထံ ရံပုံငွေတင်ပြတောင်းခံကမ်းလှမ်းစာ (Proposal) ကို ပေးပို့မည်ဆိုပါက လိုအပ်မှုများအကဲဖြတ်ချက် (Need assessment) အချက်အလက်များ သည် တင်ပြချက်များအား လွန်စွာမှ အထောက်အကူဖြစ်စေသော အထောက်အထားဖြစ်ပါသည်။ လုပ်ငန်းသဘော စည်းဘောင် နှင့်လည်း လျော်ညီပါသည်။

သတိပြုရန်အချက်တခုမှာ မိမိတို့၏ဆောင်ရွက်မည့် လှုပ်ရှားမှုလုပ်ငန်းအမျိုးအစား၊ ပမာဏ အကြီးအငယ် အပေါ်တွင်မူတည်ပြီး လိုအပ်သည့် ရံပုံငွေကို ရှာဖွေမည့်နည်းလမ်းမှာ တင်ပြကမ်းလှမ်းစာ (Proposal) တင်သည့်နည်းတခုတည်း သာရှိ သည်ဟု မမှတ်ယူမိစေရန်ဖြစ်ပါသည်။

ထို့အတူ Need assessment ကိုဆောင်ရွက်ခြင်းသည် ရံပုံငွေတောင်းခံရရှိရန်အတွက်ကိုသာရည်စူးပြီး ပြုလုပ် ခြင်း မဟုတ်သည်ကို သတိပြုရန်လိုအပ်ပါသည်။

**လေ့ကျင့်ရန်အတွက် နမူနာအဖြေများ**

(၁) သင့်လူမှုအဖွဲ့အစည်းတွင် အတိတ်ကနှင့်မတူသော ပြောင်းလဲလာသည့် လိုအပ်မှုအခြေအနေ ဥပမာ တစ်ခု ကို သုံးသပ်တင်ပြပါ။

–ယခင်က တပိုင်တနိုင်မွေးမြူစိုက်ပျိုးရေးနှင့် မိသားစု အတိုင်းအတာ စားဝတ်နေရေးအတွက်သာ လုပ်ကိုင်စား သောက်အသက်ရှင် ခဲ့ကြသော်လည်း ယခုအခါ အရောင်းအဝယ်၊ ဝန်ဆောင်မှုလုပ်ငန်း စသဖြင့် လုပ်ငန်းအမျိုး အစားအမျိုးမျိုးကို လုပ်ကိုင်လာခဲ့ကြပါသည်။ ငွေကို အဓိကထားလာကြပါသည်။ ငွေဖြင့် လိုအပ်ချက်အမျိုးမျိုး ကို ဝယ်ယူခြင်း၊ အသုံးပြုခြင်းအားဖြင့် အတိတ်ကနှင့်မတူစွာ ပြောင်းလဲလာခဲ့ကြပါသည်။

–ပြောင်းလဲမှုအနေဖြင့် ယခင်ကမိမိ မိသားစုအတွက် အဝတ်အထည်များကို ကိုယ်တိုင် ယက်လုပ်ဝတ်ဆင်ခဲ့ကြ သော်လည်း ယခုအခါ လူများစွာတို့သည် ငွေကိုသာ ရှာဖွေပြီး အဝတ်အထည်များကို ငွေဖြင့် ဝယ်ယူသုံးစွဲ ဝတ်ဆင် လာခဲ့ကြပါသည်။

(၂) လူမှုအဖွဲ့အစည်းဝင်တိုင်းအပေါ်တွင် တာဝန်ရှိသော လိုအပ်ချက်နှင့်ပတ်သက်သည့် အရာများအနက် နှစ်မျိုး ကို တင်ပြပါ။

- တစ်ဦးနှင့်တစ်ဦး ယဉ်းကျေးစွာ ပြုမူဆက်ဆံရန်
- လူအဖွဲ့အစည်းဝင်အချင်းချင်း လိုအပ်သလို ယိုင်းပင်းကူညီကြရန်
- နေထိုင်ရာရပ်ကွက်နေအိမ်များတွင် အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပြီး ကျန်းမာရေးနှင့် သင့်တင့် လျော်ညီစွာ နေထိုင်ကြရန်
- လူမှုအဖွဲ့အစည်းတွင် ဖြစ်ပေါ်လာသော အရေးကိစ္စများကို စုပေါင်းဆောင်ရွက်ရန်အတွက် လိုအပ်သော အစည်းအဝေးများတွင် တက်ရောက်ဆွေးနွေးပါဝင်ကြရန်
- မိမိနှင့် မိမိတို့၏သားသမီးနောင်လာနောက်သားများအတွက် လိုအပ်သော ပညာရေး၊ ကျန်းမာရေးနှင့် အခြားလိုအပ်သော လုပ်ငန်းများတွင် တတတ်တအားပါဝင်ဆောင်ရွက်ကြရန်

(၃) ယခုသင်၏လူမှုအဖွဲ့အစည်းအတွက် အရေးကြီးဆုံးသော လုပ်ငန်းတာဝန်ငါးခုကို ဖော်ပြပြီး ယင်းလုပ်ငန်း တာဝန် များသည် အဘယ့်ကြောင့် အရေးကြီးကြောင်းကို ရှင်းလင်းတင်ပြပါ။

- အုပ်ချုပ်ရေး
- ကော်မတီ (အမျိုးမျိုး)
- ကျောင်းဆရာ
- ကာကွယ်ရေးနှင့် လုံခြုံရေး
- ကျန်းမာရေး
- စီးပွါးရေး
- စည်းရုံးရေး
- အမျိုးသမီးနှင့် လူငယ်ရေးရာ အစရှိသဖြင့်

## လေ့ကျင့်ရန်အတွက် နမူနာအဖြေများ

၁။ (က) ကလေးသူငယ် အစာအဟာရနှင့်ပတ်သက်ပြီး ပညာပေးလုပ်ငန်းအစီအစဉ်ကို ဆောင်ရွက်ရန်

(ခ) ပြင်ဆင်စရိတ် သည်အကုန်အကျများပြီး လုပ်အားအချိန်လည်း အလွန်များနေသည်ဟု ကောက်ချက်ချနိုင်ပါသည်။ ဆက်လက်ပြင်ဆင်နေမည့်အစား အဆောက်အဦ အသစ်ပြန်လည် ဆောက်လုပ်ရန် ဆုံးဖြတ်ချက် လိုအပ်ကောင်းလိုအပ်မည် ဖြစ်သည်။

(ဂ) လူမှုအဖွဲ့အစည်းဝင်များ အနေဖြင့် အစည်းအဝေးများ၏ ကောင်းကျိုးကို သဘောမပေါက်ခြင်း၊ အစည်းအဝေးပြုလုပ်ပုံ ချို့တဲ့အားနည်းခြင်း၊ စသဖြင့် ကောက်ချက်ချနိုင်ပါသည်။ ရပ်ရေးရွာရေးတွင် လူထုတက်ကြွစွာ ပါဝင်ရန် စည်းရုံးခြင်း သော်လည်းကောင်း၊ အစည်းအဝေးပုံစံအား လိုအပ်သလို အပြောင်းအလဲ ပြုလုပ်ပေးခြင်း စသည့်ဆောင်ရွက်ချက်တို့ လိုအပ်ပေမည်။

၂။

| လုပ်ငန်းအမျိုးအစား | လူဦးရေ | % |
|---|---|---|
| ကျန်းမာရေး | 5 | 7 |
| ကျောင်းဆရာ | 12 | 17 |
| လက်သမား | 10 | 14 |
| စက်မှုလက်မှု | 4 | 6 |
| စိုက်ပျိုးရေး | 39 | 56 |
| **စုစုပေါင်း** | **70** | **100** |




coloum graph sample

၃။ ကိန်းဂဏန်းများအရ စိုက်ပျိုးရေးလုပ်ငန်းမှာ အများဆုံးဖြစ်ပြီး သင်တန်းပြုလုပ်မည်ဆိုပါက ဆောင်ရွက်ရန် လိုအပ်မှုအမြင့်ဆုံး အလားအလာရှိပါသည်။ ထို့နောက် ကျောင်းဆရာ၊ လက်သမား၊ ကျန်းမာရေး နှင့် စက်မှုလက်မှု အစဉ်လိုက်အတိုင်း လုပ်ငန်းသင်တန်းများအား ကြီးစဉ်ငယ်လိုက် ဦးစားပေးအဖြစ် ပြုလုပ်ရန် လိုအပ်မည်ဟု ခန့်မှန်းနိုင်ပါသည်။

၄။ လိုအပ်မှုများ အကဲဖြတ်ချက်ကို သုံး၍ဝန်ဆောင်မှုနှင့် ရံပုံငွေရရှိစေရန် ကြိုးပမ်းခြင်း(စာမျက်နှာ ၄၀) ကို ကျောင်းသားသူကျောင်းသားတို့အနေဖြင့် မိမိတို့ နားလည်သလို၊ အတွေးအမြင်ရှိသလို ပြန်လည်တင်ပြရန် ဖြစ်ပါသည်။

## လက်တွေ့ကွင်းဆင်း မှတ်တမ်းပြုခြင်း

အတန်းကို အဖွဲ့ (၄)ဖွဲ့ခွဲပါ။

(၁) မိမိတို့၏ လူမှုအဖွဲ့အစည်းအချက်အလက်များကို မှတ်တမ်းပြုစုထိန်းသိမ်းထားလေ့ရှိသည့် အဖွဲ့အစည်း (ဥပမာ–အုပ်ချုပ်ရေး၊ ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ အချို့ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ) ထံသို့ သွားရောက်တွေ့ဆုံရန်မေးမြန်းရန်အတွက် စုပေါင်းဆွေးနွေးတာဝန်ခွဲဝေပေးပါ။ (ဆရာအနေဖြင့် အချိန်ယူပြီး ယင်းအဖွဲ့ အစည်းတို့ရှိ သက်ဆိုင်ရာပုဂ္ဂိုလ်များထံသို့ ကြိုတင်သွားရောက်တွေ့ဆုံပြီး မိမိ၏ ကျောင်းသင်ခန်းစာနှင့် ကျောင်းသားတို့၏ လုပ်ဆောင်ရမည့်အစီအစဉ်တို့အား ဆွေးနွေးအကြောင်းကြားထားရန် လိုအပ်ပါသည်။)

(၂) မိမိလူမှုအဖွဲ့အစည်း၏ အချက်အလက်များ(Community profile) အတွက် အဖွဲ့တစ်ဖွဲ့စီမှ မေးခွန်း တစ်စုံစီကို ပြုလုပ်စေပါ။ ထိုနောက်မေးခွန်းလေးစုံကို ပြန်လည်ပေါင်းစပ်ပြီး တတန်းလုံးအတွက် မေးခွန်းတစ်စုံတည်း ရရှိလာစေရန် ပြန်လည်စီစစ်ပေးပါ။

(၃) လိုအပ်ချက်ကို အကဲခတ်မည့် မေးခွန်းလွှာအတွက် နှစ်သက် စိတ်ဝင်စားရာ ကဏ္ဍ ခေါင်းစဉ် (၄)ခုကို တတန်းလုံး စုပေါင်း ဆွေးနွေးရွေးချယ်စေပါ။ (ဥပမာ– ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံရေး၊ လူငယ်ရေးရာ၊ အမျိုးသမီးရေးရာ၊ ဘာသာရေး၊ ကလေးသူငယ်ရေးရာ၊ မူးယစ်ဆေးဝါး၊ အိမ်တွင်းအကြမ်းဖက်မှု စသည့် ကဏ္ဍများ) ထို့နောက် တစ်ဖွဲ့လျှင် ကဏ္ဍ ခေါင်းစဉ်တခုကို ရယူပြီး ယင်းတာဝန်ယူရမည့် ကဏ္ဍအတွက် အကဲခတ်ခြင်းမေးခွန်းလွှာတစ်စုံစီကို ပြုလုပ်ရမည်ဖြစ်သည်။ ထို့နောက် ကျောင်းသူ/သား တစ်ဦးလျှင် လူဆယ်ဦးထံသို့ သွားရောက်ပြီး လက်တွေ့ကွင်းဆင်း မေးမြန်းရမည်ဖြစ်သည်။ ပြန်လည်ရရှိလာသော အချက်အလက်များကို စုပေါင်းပြီး အဖွဲ့လေးဖွဲ့မှ (၁) လူမှုအဖွဲ့အစည်း၏ အချက်အလက်များ (၂) မိမိအဖွဲ့ ရယူထားသော ကဏ္ဍအတွက် ပြန်လည်တင်ပြချက်စာတမ်းတို့ကို ပြန်လည် ရေးသားတင်ပြကြရမည်ဖြစ်သည်။

## လက်တွေ့မေးခွန်းပုံစံအား လေ့လာခြင်း

## ZOA Education Survey

## ပေးထားသော မေးခွန်းဥပမာကို လေ့လာပြီး အောက်ပါမေးခွန်းများကို ဖြေပါ။

(၁) မေးခွန်းပထမစာမျက်နှာတွင် မေးခွန်းမေးမြန်းမည့်သူအတွက် အကြံပြုညွှန်ကြားချက်များကို ဖော်ပြထားပါသည်။ ထို့အပြင် စစ်တမ်းကောက်ယူမှု ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် လိုအပ်သော ရုံးမှတ်တမ်းဆိုင်ရာ အချက်အလက်ပုံစံ (Form) ဖြည့်စွက်ရန် အတွက် စီစဉ်ထားပါသည်။

(၂) ကပြားဖြစ်ပါက ယင်း မေးမြန်းခံရသည့် ပုဂ္ဂိုလ်၏ဆန္ဒရှိသည့် လူမျိုးတမျိုးမျိုးကို မှတ်တမ်းပြု ရမည် ဖြစ်သည်။ အခြားလူမျိုးတခုခုနေရာတွင်လည်း လိုအပ်သလို ရေးမှတ်ထားနိုင်ပါသည်။

(၃) ဘယ်လိုအရပ်မျိုးမှာမွေးဖွားခဲ့ပါသလဲ။ မြို့ကြီးလား၊ မြို့ငယ်လား၊ ရွာလား၊ တောလား၊ ဒုက္ခသည်လား။

(၄) အောက်ပါမေးခွန်းအုပ်စုတစ်ခုစီအတွက် သင့်လျှော်သော ခေါင်းစဉ်ပေးပါ။

(က) မေးခွန်း အမှတ် ၁ မှ ၁၁ အထိ ⇨ ကိုယ်ရေးကိုယ်တာ အချက်အလက်

(ခ) မေးခွန်း အမှတ် ၁၂ မှ ၁၅ အထိ ⇨ မိဘ အချက်အလက်

(ဂ) မေးခွန်း အမှတ် ၁၆ မှ ၂၂ အထိ ⇨ မွေးဖွါးရာဇာတိ ဒေသ ဆိုင်ရာအချက်အလက်

(ဃ) မေးခွန်း အမှတ် ၂၉ မှ ၄၄ အထိ ⇨ ဘာသာစကား တတ်ကျွမ်းမှုအချက်အလက်

(င) မေးခွန်း အမှတ် ၅၀ မှ ၆၃ အထိ ⇨ ကျောင်းနေကုန်ကျစရိတ်

(စ) မေးခွန်း အမှတ် ၆၄ မှ ၆၆ အထိ ⇨ ကျောင်းနေစဉ် တွေ့ကြုံခဲ့ရသည့် အခက်အခဲ

(ဆ) မေးခွန်း အမှတ် ၇၆ မှ ၈၅ အထိ ⇨ မျှော်မှန်းချက်

(၅) ကဏ္ဍ အမျိုးမျိုးအနက်မှ နှစ်သက်ရာ ကဏ္ဍတခု နှင့်ပတ်သက်သော သိလိုသည့်အချက်အလက်များကို သိရှိနိုင်အောင် တီထွင်ကြံဆ မေးခွန်းထုတ်ရမည်ဖြစ်သည်။